# ဟာမ်စိုင်း(ဆေး–မန်း)၏ စကားပြေရေးဟန်

မိုးမိုးအေး*


## စာတမ်းအကျဉ်း

ဤစာတမ်းသည် ဆရာဟာမ်စိုင်း(ဆေး–မန်း)၏ ဝတ္ထု၊ ဆောင်းပါး၊ ပေးစာ၊ ရသစာစုများ၊ ခံစားမှု အပိုင်းအစများကို စာပေရှုထောင့်မှ လေ့လာထားခြင်း ဖြစ်သည်။ ဆရာဟာမ်စိုင်း(ဆေး–မန်း)၏ စကားပြေ ရေးဟန်ကို ဖော်ထုတ် တင်ပြလိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။ ဆရာဟာမ်စိုင်း(ဆေး–မန်း)သည် သူ၏အတွေ့အကြုံ များကို ဝတ္ထုဆောင်းပါးများ ရေးသားရင်း စာပေနယ်တွင် နာမည်ကျော်ကြား လူကြိုက်များသော စာရေးဆရာတစ်ဦးဖြစ်သည်။ ဆရာ့၏ ထုတ်ဝေပြီးသော စာအုပ်(၉) အုပ်ကို အလေ့လာခံအဖြစ် လေ့လာတင်ပြထား ပါသည်။ ဤစာတမ်းတွင် စာအုပ်(၉)အုပ်ကို စာပေအမျိုးအစား (၅)ပိုင်း ခွဲကာ ဆရာ့၏ စကားပြေရေးဟန်ကို လေ့လာဖော်ထုတ်ထားပါသည်။ မြန်မာ စာပေလေ့လာမှုတွင် တစ်ခန်းတစ်ကဏ္ဍမှ အထောက်အကူပြုနိုင်သော အကျိုး ကျေးဇူးများ ရရှိနိုင်သည်ဟု ယုံကြည်ပါသည်။


သော့ချက်စကားလုံး – စကားသုံး၊ ဥပစာ၊ ဝါကျ

## နိဒါန်း

ရေးဟန်သည် စာပေလေ့လာမှုဆိုင်ရာ နည်းပညာတစ်ရပ်ပင်ဖြစ်သည်။ ဆရာကြီး ဦးခင်အေးက ရေးဟန်သည် ဘာသာစကားလေ့လာမှုနှင့် စာပေလေ့လာမှု၏ ဆုံမှတ်ဟု ဆိုခဲ့ပါသည်။ ရေးဟန် တစ်ခုသည် စာရေးသူ၏ ပုံရိပ်ကို ပေါ်လွင်လာစေသည်။ စာရေးသူကျင်လည်ရာ အသိုင်းအဝိုင်းကို အနီးစပ်ဆုံး မှန်းဆနိုင်ပေမည်။ တစ်နည်း ရေးဟန်သည် စာရေးသူပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ဤစာတမ်း အခန်း၁တွင် စာရေးသူ၏အတ္ထုပ္ပတ္တိ၊ အခန်း၂တွင် ရေးဟန်ပညာနှင့် ပတ်သက်သည့်အယူအဆများ၊ အခန်း ၃ တွင် စာရေးသူ၏ ရေးဟန်ကို လေ့လာတင်ပြထားပါသည်။

## ရည်ရွယ်ချက်

ဆရာဟာမ်စိုင်း(ဆေး–မန်း)သည် လူငယ်ဆရာဝန်စာရေးဆရာ တစ်ဦးဖြစ်သည်။ သူတွေ့ကြုံရသော အတွေ့အကြုံများ၊ လူငယ်ဆရာဝန်တစ်ဦး၏ ခံစားမှုပုံရိပ်များကို သူ၏ စိတ်ကူးစိတ်သန်းများဖြင့် ဖန်တီးထားသောစာပေများမှ ဆရာ့၏ရေးဟန်၊ ဆရာ့၏ပုံရိပ်ကို လေ့လာဖော်ထုတ်လိုသော ရည်ရွယ်ချက် ဖြစ်သည်။

## ၁။ စာရေးသူ၏အတ္ထုပ္ပတ္တိ

ဟာမ်စိုင်း(ဆေး–မန်း)၏ အမည်ရင်းမှာ ဒေါက်တာကျော်ဇောထွေး ဖြစ်သည်။ မိဘများမှာ ဦးခင်မောင်ထွေးနှင့် ဒေါ်ဝင်းထီ ဖြစ်သည်။ ကျောက်ဆည်မြို့နယ် အင်ရောင်းရွာ ဇာတိဖြစ်သည်။ ၁၉၈၉ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင်ဖွားမြင်သည်။ မွေးချင်း ၅ယောက်တွင် တတိယမြောက်သား ဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို ၅ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ပြီး ဆေးတက္ကသိုလ် တက်ရောက်ခွင့် ရခဲ့သည်။ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလတွင် M.B.B.S ဘွဲ့ ရရှိခဲ့သည်။

* ကထိက၊ မြန်မာစာဌာန၊ ရတနာပုံတက္ကသိုလ်

၂၀၁၄ ခုနှစ် မေလထုတ် Health For All မဂ္ဂဇင်း၌ ပါရှိသော ''ကျွန်တော်နှလုံးသားထဲတွင် တစ္ဆေတစ်ကောင်နေထိုင်သည်'' ဝတ္ထုတိုဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ ရွှေအမြုတေ၊ ကလျာ၊ မဟေသီ၊ ရတီ၊ Health For All ၊ The Chic၊ Look၊ Halo၊ ဇီဝက၊ မြဝတီ၊ ရင်ခုန်းမြား၊ ခေတ်ရနံ့၊ ဆေးတက္ကသိုလ်(မန္တလေး)၊ Youth မဂ္ဂဇင်းများနှင့် Health Updates Journal တို့တွင် ဝတ္ထုတိုများ ဆောင်းပါးများကို ရေးသားခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ''မြေနီမှိမြစ်ဝှမ်းလွင်ပြင်'' ဝတ္ထုတိုဖြင့် ရွှေအမြုတေမဂ္ဂဇင်းက ပေးအပ်သော ပရိသတ်အကြိုက်ဆုံးဝတ္ထုတိုဆု၊ ၂၀၁၆ခုနှစ်တွင် ''ပြုံးနေသောသွားများ'' ဝတ္ထုတိုဖြင့် မြဝတီမဂ္ဂဇင်းက ပေးအပ်သော အကောင်းဆုံးဝတ္ထုတိုဆု၊ ၂၀၁၇ခုနှစ်တွင် ''တတိယလူနှင့် မဂ္ဂဇင်းဝတ္ထုတိုများ'' စာအုပ်ဖြင့် စိမ်းလန်းရွှေပြည် စာပေဆု၊ ၂၀၁၈ခုနှစ်တွင် ''လူနာစောင့်'' ဝတ္ထုတိုဖြင့် ရွှေအမြုတေ စာပေဆု၊ ၂၀၁၉ခုနှစ်တွင် ''ဘဝတစ်သက်တာ ကျန်းမာရေး လူနေမှုဘဝ ပုံစံပြောင်းလဲပေး'' ကျန်းမာရေး အသိပညာပေးဆောင်းပါးဖြင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ပေးအပ်သော သုတစာပေဆု တို့ကို ရရှိထားသူ ဖြစ်သည်။

ယခုအခါ ဆရာဟမ်စိုင်း(ဆေး-မန်း)သည် သန်လျင်မြို့ ပြည်တွင်းခရိုင် ကျန်းမာရေးဌာနတွင် တာဝန်ထမ်းဆောင်လျက် ရှိသည်။

## ၂။ ရေးဟန်အဓိပ္ပာယ်

''ဟန်''နှင့် ပတ်သက်၍ မြန်မာအဘိဓာန်တွင်

**ဟန်-န-၁၊ အသွင်အပြင်။**

**၂၊ အမူအရာ**[၁]

ဟုဖွင့်ဆိုထားသည်ကိုသာ တွေ့ရပြီး ရေးဟန်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုထားခြင်း မရှိပါ။

OXFORD Advanced Learner's Dictionary တွင် "Stylistics " ကိုမူ '' ရေးဟန်ကို လေ့လာသော ပညာ'' ဟု ဖွင့် ဆိုထားပါသည်။

စာပေသဘောတရား စာပေဝေဖန်ရေး စာပေလှုပ်ရှားမှု စာအုပ်တွင် ဒဂုန်တာရာက

> **ဟန်ဟူသော (စာပေဟန်) ဆိုသည်မှာ စာပေအရေးအသားတွင်**
> **စာရေးဆရာတစ်ယောက်၏ ရေးသားပုံ အမူအရာကို'စာပေဟန်' ဟု**
> **ခေါ်ကြသည်။ စာပေဟန်သည် စာရေးဆရာ၏ ပုဂ္ဂလိက**
> **အမူအရာ ဖြစ်သည်။** [၂]

ဟု ဖွင့်ဆိုထားသည်။

ထို့ကြောင့် ရေးဟန်သည် စာရေးဆရာတစ်ဦး၏ အသုံးများသော စကားအသုံး၊ ဝါကျများမှ တစ်ဆင့် စာရေးသူကို အနီးစပ်ဆုံး ပုံဖော်ပေးနိုင်သော နည်းပညာတစ်ခုဖြစ်ပါသည်။

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၄၅။

[၂] တာရာ၊ ဒဂုန်၊ ၁၉၆၇၊ ၇၅။

**၃။ ဟမ်စိုင်း(ဆေး-မန်း)၏ စကားပြေရေးဟန်**

၂၀၁၄ခုနှစ်တွင် စာပေနယ်သို့ စတင်ဝင်ရောက်လာသော ဆရာဟမ်စိုင်း(ဆေး-မန်း)သည် သူကြုံတွေ့ရသော လောကသဘာဝ လူ့သဘာဝတို့ကို ဝတ္ထု၊ ဆောင်းပါး၊ ပေးစာ၊ ကဗျာ စသည့် စာပေပုံသဏ္ဌာန်တို့ဖြင့် ပရိသတ်ကို ချပြခဲ့သူတစ်ဦး ဖြစ်သည်။

**၃၊ ၁။ ဟမ်စိုင်း(ဆေး-မန်း)၏ စာပေလက်ရာများ**

ဆရာဟမ်စိုင်း(ဆေး-မန်း)သည် စာပေနယ်သို့ ခြေလှမ်းစိပ်စိပ်ဖြင့် ဝင်ရောက်လာသူဖြစ်သည်။ လစဉ်ထုတ် မဂ္ဂဇင်းများတွင် ရေးသားခြင်း စာအုပ်စုစည်းထုတ်ဝေခြင်းများပြုလျက် စာဖတ်ပရိသတ်နှင့် ချိတ်ဆက်ထားနိုင်သူ ဖြစ်သည်။ ယခုအချိန်အထိ ထုတ်ဝေပြီးသော စာအုပ်များမှာ တတိယလူနှင့် မဂ္ဂဇင်း ဝတ္ထုတိုများ(၂၀၁၆)၊ ခေတ်သစ်ရောဂါနှင့် ကျန်းမာရေးဆောင်းပါးများ(၂၀၁၆)၊ ညီမလေးသို့ ပေးစာများ(၂၀၁၇)၊ ဆရာဝန်တစ်ဦး၏ ရယ်စရာလွဲလွဲလေးများ (၂၀၁၇)၊ သဘာဝက ပေးတဲ့လက်ဆောင် ကျန်းမာရေးဆောင်းပါးများ(၂၀၁၈)၊ ယုံကြည်ခြင်းတွေပေးပါနှင့် စိတ်အဟာရဖြည့် စာစုများ(၂၀၁၈)၊ မန္တမ်းတဲ့လရောင်နှင့် မဂ္ဂဇင်းဝတ္ထုတိုများ(၂၀၁၉)၊ လမ်းခွဲ ခံစားမှုအပိုင်းအစများ (၂၀၁၉)၊ သို့အမေနှင့် ရသစာစုများ (၂၀၁၉)တို့ ဖြစ်သည်။ ဆရာရေးသားခဲ့သော စာပေကို အမျိုးအစားခွဲလျှင် (၁)ဝတ္ထု၊ (၂)ဆောင်းပါး၊ (၃) ပေးစာ၊ (၄)စိတ်အဟာရဖြည့်စာစုများ (၅) လူငယ်တစ်ဦး၏ ခံစားမှု စာစုများ ဟူ၍ ငါးမျိုးတွေ့ရသည်။

**(၁)ဝတ္ထုရေးဟန်**

ဆရာဟမ်စိုင်း(ဆေး-မန်း)သည် ဝတ္ထုရေးသားရာတွင် တစ်မျက်နှာဝတ္ထုတို၊ ဝတ္ထုတို၊ ဝတ္ထုရှည် အမျိုးအစားသုံးမျိုးဖြင့် ရေးသားထားသည်ကို တွေ့ရသည်။

**တစ်မျက်နှာဝတ္ထုတိုရေးဟန်**

တစ်မျက်နှာ ဝတ္ထုတိုများသည် ပြောလိုသော အချက်တစ်ချက်ကိုသာ ဇာတ်ကွက် တစ်ကွက်ဖြင့် ဖန်တီး တင်ပြခြင်း ဖြစ်သည်။ ၂၀၁၉ခုနှစ် မေလ ရွှေကလောင်မဂ္ဂဇင်းမှ တစ်မျက်နှာ စာမူဖိတ်ခေါ်စာတွင် (၁) စာတစ်မျက်နှာတည်းဖြင့်သာ ရေးသား ဖော်ပြရမည်။
(၂) ပြောလိုသော အကြောင်းအရာကို ဇာတ်ကွက်တစ်ကွက်ဖြင့်သာ တင်ပြရမည်။
-ဟုပါရှိသည်။ ဆရာဟမ်စိုင်း(ဆေး-မန်း)သည် တစ်မျက်နှာဝတ္ထုတိုများကို ရေးသားသည့်အခါ သူ၏ ဆရာဝန်ဘဝအတွေ့အကြုံ အလွဲလေးများကို ဟာသအမြင်ဖြင့် တင်ပြထားသည်။

''ဟာသ''၏ အဓိပ္ပာယ် သဘောတရားနှင့် ပတ်သက်၍ ''ဟာသစာပေ'' စာအုပ်အမှာစာတွင် ဆရာမောင်ထင်က

> **ဟာသမှာ အစိုဟာသနှင့် အခြောက်ဟာသ ဟူ၍ နှစ်မျိုး ခွဲသင့်ကြောင်း၊ လူရွှင်တော်များ မျက်နှာဟန်ပန်အမူအရာ မဲ့ရွဲ့တွန့်လိမ်ပြ၍ ရယ်မောရခြင်းသည် မျက်မြင်ကို သဘောကျ နှစ်သက်ရယ်မောခြင်း ''အစို ဟာသ''နှင့် အဖြစ်အပျက် တစ်ခုခုကို တစိမ့်စိမ့်တွေး၍ ရယ်မောရခြင်းကို ''အခြောက်ဟာသ ''**

ဟူ၍ ခွဲခြားပြခဲ့သည်။

ဆရာမင်းယုဝေကလည်း ဟာသစာပေကို အမျိုးအစားခွဲလျှင် နှစ်မျိုးရကြောင်း ''သာမန်ဟာသ''နှင့် ''လေးနက်သောဟာသ'' ဟူ၍ ဖော်ပြထားသည်။

> **''သာမန်ဟာသ'' ဟူသည်မှာ အဓိပ္ပာယ်မရှိ၊ ရည်ရွယ်ချက်မရှိ၊ ဘဝလေ့လာမှုမပါ၊ ပတ်ဝန်းကျင် လေ့လာမှုမပါ၊ ရယ်မောရုံ သက်သက်သာ စွမ်းဆောင်နိုင်သော ဟာသမျိုး ဖြစ်သည်ဟု ဖွင့်ဆိုထားပါသည်။** [၃]
>
> **''လေးနက်သောဟာသ''ဆိုသည်မှာ အဓိပ္ပာယ်ရှိရှိ ရည်ရွယ်ချက် ကောင်း ကောင်း ဘဝလေ့လာမှု ပတ်ဝန်းကျင်လေ့လာမှုပါပါဖြင့် ရယ်မော ရအောင် စွမ်းဆောင်နိုင်သော ဟာသမျိုးဖြစ်သည်ဟု ဆိုထားပါသည်။** [၄]

ဟု ရှင်းပြထားပါသည်။

ဆရာဝန်တစ်ဦး၏ ရယ်စရာလွဲလွဲလေးများကို ၂၀၁၇ ခုနှစ်တွင် စာအုပ်ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ စာအုပ်မထုတ်ဝေမီကပင် ဆရာက သူ၏ အတွေ့အကြုံများကို fb acc မှ တစ်ဆင့် Online တွင် ရေးသားခဲ့သည်။ စာဖတ်ပရိသတ်အများစု အားပေးမှုကိုလည်း ခံခဲ့ရသည်။ စာအုပ်တွင် တစ်မျက်နှာ ဝတ္ထုတိုပေါင်း (၅၀) ပုဒ်ပါရှိသည်။ လောကသဘာဝ၊ လူ့သဘာဝ ဖြစ်လေ့ဖြစ်ထရှိသော ရယ်စရာအလွဲများ ကို ဖော်ကျူးထားသည့် ဝတ္ထုတို (၁၉)ပုဒ်၊ ဆေးကုသရာတွင် အမှတ်တမဲ့ ကြုံတွေ့ရတတ်သော ရယ်စရာအလွဲများကို ဖော်ကျူးသည့် ဝတ္ထုတို(၁၅)ပုဒ်၊ ဆေးပညာအသိပေးနှင့် အထွေထွေအလွဲများကို ဖော်ကျူးသည့် ဝတ္ထုတို (၁၆)ပုဒ်တို့ ပါဝင်သည်။

''အလုပ်ထဲခေါင်းနှစ်ထားပါ'' ဝတ္ထုတိုတွင် ခွင့်ယူလိုသောကြောင့် အထက်လူကြီးထံ ခွင့်တောင်းရာတွင် အထက်လူကြီးက ခွင့်မပေးဘဲ ဆူလွှတ်လိုက်သည်။ အဆူခံရသည့်စကားကြောင့် ဆရာဟမ်စိုင်း၏ မျက်နှာမှာ စူပုပ်ပုပ်ဖြစ်လျက်နေသည်ကို သူငယ်ချင်းက မေးသောအခါ

> **အခုတလော ငါအလုပ်လုပ်တာပေါ့နေတယ်တဲ့၊အလုပ်ထဲ ခေါင်းနှစ်ထားတဲ့လေ**
>
> **အေးလေ အစ်မပြောတာ မှန်နေတာပဲ၊ မင်းကြည့်ရတာ လေးတိလေးကန်နဲ့ အလုပ်ထဲ ခေါင်းနှစ်ထားပေါ့ဟ**
>
> **ဟ. . အလုပ်ထဲ ခေါင်းနှစ်ထားရအောင် ငါက အခု သားဖွားခန်းမှာ တာဝန်ကျတာကွ**[၅]

-ဟု ရေးသားထားရာ အလုပ်ထဲ အာရုံစိုက်ရန်မှာသည့် စကားကိုပင် ''ခေါင်းနှစ်'' ဟူသော ဥပစာစကား အသုံးကြောင့် အလွဲဖြစ်ခဲ့ရပုံကို ဟာသအမြင်ဖြင့် တင်ပြထားရာ ဆရာဟမ်စိုင်း၏ စကားအသုံး ကျွမ်းကျင်မှု တစ်ခုပင် ဖြစ်သည်။

ရယ်စရာတစ်မျက်နှာဝတ္ထုတိုတွင် ဆရာဝန်လောက၌ ကြုံတွေ့ရသည့် အလွဲလေးများကို ဟာသအမြင်ဖြင့် တင်ပြထားခြင်း ဖြစ်သည်။ ဝတ္ထုတိုပုဒ်ရေ အနည်းငယ်မှအပ ကျန်ဝတ္ထုတိုများမှာ စာတစ်မျက်နှာတည်းနှင့် ဖော်ပြနိုင်ခြင်း၊ ဇာတ်ကွက်တစ်ကွက်တည်းဖြင့် ဦးတည်ချက်ကို

---

[၃] မင်းယုဝေ၊ ၁၉၇၃၊ ၁၀၇။

[၄] -ယင်း ။

[၅] ဟမ်စိုင်း(ဆေး-မန်း)၊ ၂၀၁၇၊ ၁၃၅။

ပေါ်လွင်စေခြင်း ဟူသည့် တစ်မျက်နှာ ဝတ္ထုတိုရဲ့ စည်းမျဉ်းနှင့်လည်း ကိုက်ညီကြောင်း တွေ့ရသည်။ ဆရာဟမ်စိုင်း၏ ဟာသတစ်မျက်နှာ ဝတ္ထုတိုများသည် တစိမ့်စိမ့်တွေး၍ ရယ်မောရခြင်း လူ့ဘဝဇာတ်ခုံတွင် ကြုံတွေ့ရလေ့ရှိသော အမြီးအမောက်မတည့်မှုလေးများ လွဲချော်မှုလေးများကြောင့် နှစ်ခြိုက်စွာ ရယ်မောမှု ဟာသကို ပေးစွမ်းနိုင်ကြောင်း တွေ့ရသည်။

မြန်မာလူမျိုးတို့သည် ဟာသဉာဏ်ရွှင်ကြသည့်သူများ ဖြစ်ကြသည်။ ''ပျော်ပျော်နေသေခဲ'' ဟု စကားပုံပြုကာ လူ့လောကတွင် ကြုံတွေ့ရသော လောကဓံကို ရယ်မောပျော်ရွှင်မှုများနှင့် အံတုရင်ဆိုင်ကြသည်။ ဆရာမဒေါ်ခင်မျိုးချစ်က **''မရယ်တတ်လျှင် ရယ်ရမှာကိုပင်မေ့နေလျှင် လူ့လောကသို့ အလွန်ပင်ဆုံးရှုံးပေလိမ့်မည်''** ဟုအကြံပေးထားသည်။ ဆရာကိုယ်တိုင်ကပင်လျှင် **''တကယ်တော့ ရယ်စရာပြုံးစရာတွေက ကျွန်တော်ကိုလာတွေ့တာမဟုတ်ပါဘူး၊ ကျွန်တော်ကိုယ်တိုင်က ကျွန်တော် ဘဝထဲက ပျော်ရွှင်စရာတွေကို ရှာဖွေတာပါ။ လူသားတိုင်း မိမိဘဝပျော်ရွှင်ဖို့ မိမိ ဘဝထဲကပဲ ရှာဖွေခွင့်ရှိပါတယ်''** ဟုဆိုထားပါသည်။ ထိမိသော ဥပမာ၊ ဥပစာများ၊ ဝါကျတိုအသုံးများနှင့် စာအရေးအသား သွက်လက်ခြင်း ဖြစ်ပျက်ကြုံတွေ့သမျှကို ဟာသအမြင်ဖြင့် မြင်တတ်ခြင်းသည်ပင်လျှင် ဆရာဟမ်စိုင်း၏ ဟန်တစ်ခုပင် ဖြစ်ပါသည်။

**ဝတ္ထုတိုရေးဟန်**

ဝတ္ထုတိုနှင့် ပတ်သက်၍ စိုးရွှေစင်က

> **ဝတ္ထုတိုဟူသည် ဖတ်ချိန်တိုရမည်၊ စာလုံးရေနည်းရမည်၊ အချိန်တိုအတွင်း အဖြစ်အပျက် ဖြစ်ရမည်၊ အဖြစ်အပျက်တစ်ခုတည်း ဖြစ်ရမည်၊ ဇာတ်ဆောင်နည်းရမည်**[၆]

ဟူ၍ ဖွင့်ဆိုထားသည်။ ဝတ္ထုတိုသည် စာဖတ်သူကို အချိန်တိုတိုအတွင် ပေးလိုသော အသိတစ်ခုကို ကွက်ကွက်ကွင်းကွင်း ပေါ်အောင် တင်ပြခြင်းပင် ဖြစ်သည်။

ဆရာသည် ဝတ္ထုတိုပေါင်းချုပ်စာအုပ် နှစ်အုပ်ထုတ်ဝေပြီး ဖြစ်သည်။ တစ်အုပ်စီတွင် ဝတ္ထုတိုပုဒ်ရေ (၁၅) ပုဒ်ပါရှိပြီး စုစုပေါင်းပုဒ်ရေ (၃၀) ဖြစ်သည်။ ဤဝတ္ထုတိုပေါင်းချုပ်နှစ်အုပ်တွင် မိဘညီအစ်ကိုမောင်နှမ မေတ္တာကိုကျောရိုးပြု ရေးသားထားသည့် ဝတ္ထုတို(၉)ပုဒ်၊ အခြေခံလူတန်းစားကို ကျောရိုးပြုရေးသားထားသည့် ဝတ္ထုတို(၁၄)ပုဒ်၊ ဆရာဝန်လောကကို ကျောရိုးပြုရေးသားထားသည့် ဝတ္ထုတို(၂)ပုဒ်၊ ခွေးရူးပြန်ရောဂါပညာပေး ဝတ္ထုတို(၁)ပုဒ်၊ နိုင်ငံရေးကို ကျောရိုးပြုရေးသားထားသည့် ဝတ္ထုတို(၁)ပုဒ်၊ လောကတွင် ဖြစ်လေ့ဖြစ်ထရှိသော လောကသဘာဝကိုဖွဲ့သည့် ဝတ္ထု (၃)ပုဒ်ဟူ၍တွေ့ရသည်။

ဆရာသည် သူ၏ဝတ္ထုများကို ရှုထောင့်ရွေးချယ်ရာတွင် ကိုယ်တိုင်ပြောရှုထောင့်ဝတ္ထုတို (၁၉) ပုဒ်၊ အားလုံးသိရှုထောင့်ဝတ္ထုတို (၇)ပုဒ်၊ ကန့်သတ်သိရှုထောင့် ဝတ္ထုတို(၄)ပုဒ် ဖြင့် ဖော်ကျူးထားရာ ဆရာဟမ်စိုင်းသည် ကိုယ်တိုင်ပြော ရှုထောင့်ကို အသုံးများကြောင်း တွေ့ရပါသည်။

ကိုယ်တိုင်ပြောရှုထောင့်သည် ဇာတ်ကြောင်းပြောသူက ''ကျွန်တော်၊ကျွန်မ နာမ်စားဖြင့် ဝင်ရောက် ပြောဆိုခြင်း ဖြစ်သောကြောင့် ဇာတ်ဆောင်နှင့်စာဖတ်သူ ပို၍ နီးစပ်မှုရှိလာစေသည်။ စာဖတ်သူအနေဖြင့် အမှန်တကယ်ဖြစ်ရပ်ဟု ထင်မြင်လာစေသည်။ ကိုယ်တိုင်ပြောရှုထောင့်ကို အများဆုံးအသုံးပြု၍ ဖန်တီးခြင်းသည်ပင်လျှင် ဆရာဟမ်စိုင်း၏ ဟန်တစ်ခုဖြစ်သည်။

[၆] စိုးရွှေစင်၊ ၂၀၁၅၊ ၉။

ဆရာ၏ ဝတ္ထုတိုများတွင် ထူးခြားမှုတစ်ခုမှာ ဝတ္ထုခေါင်းစဉ် အမည်ပေးပုံပင် ဖြစ်သည်။ ဝတ္ထုပါ အကြောင်းအရာကို တိုက်ရိုက်ဖော်ညွှန်းသော အမည် (၈)ပုဒ်သာ တွေ့ရပြီး ကျန် (၂၂)ပုဒ်မှာ နိမိတ်ပြဖြင့် အမည်ပေးထားသည်ကို တွေ့ရသည်။ နိမိတ်ပြအမည်ပေးခြင်းကို သုံးခြင်းကြောင့် ဝတ္ထုတွင် မည်သည့်အကြောင်းအရာ ရေးမည်ဖြစ်ကြောင်း ကြိုတင်သိမြင်နိုင်သည်။ နိမိတ်ပြအမည်ပေးပုံကို လှပစွာသုံးခြင်းသည် လည်း ဆရာဟမ်စိုင်း၏ ဟန်တစ်ခု ဖြစ်သည်။

စကားအသုံးအနှုန်းပိုင်းအနေဖြင့် ဆရာသည် ဥပမာပေးကောင်းသူတစ်ဦးဖြစ်ကြောင်း တွေ့ရသည်။ ပြောလိုသောအကြောင်းအရာ၊ အဖြစ်အပျက်မြင်ကွင်းများကို ပေါ်လွင်ထိမိသော မျက်မြင် ဥပမာများဖြင့် ထိထိမိမိ ရေးသားလေ့ရှိသည်။

အကင်းကြွေဝတ္ထုတိုတွင် နေမကောင်းဖြစ်နေသော ကလေးငယ်လေး အသက်ရှူရာတွင် ခက်ခဲ ပင်ပန်းစွာ အသက်ရှူနေရပုံကို

**ကလေးငယ်ကအသက်ရှူသွင်း၊ ရှူထုတ် လုပ်ဖို့ကို အတော်**
**အားယူနေရသည့် ပုံ၊သူ့ ပိန်ချပ်ချပ် ရင်ဘတ်တစ်စုံက ဖားဖိုကြီးလို**
**နိမ့်လိုက်၊ မြင့်လိုက် ဖြစ်နေသည်** [၇]

ဟုလည်းကောင်း ထိုဝတ္ထုတိုမှာပင် ကလေးငယ်၏ မျှော်လင်ချက်မဲ့နေသော မျက်ဝန်းတစ်စုံကို

**မီးစာကုန်ခါနီးသည့် မီးခွက်ပမာ** [၈]

ဟု ဥပမာပေးထားသည်မှာ ပေါ်လွင်လှသည်။

''လူနာစောင့်''ဝတ္ထုတွင်လည်း ဇာတ်ဆောင်၏ အစ်ကိုကြီးဖြစ်သူမှာ ပြဿနာမရှိ ရှိအောင် ရှာတတ်သူဖြစ်ကြောင်း

**အစ်ကိုကြီးက ပြဿနာကို မီးခွက်ထွန်းပြီးသာမက ဆလိုက်မီးထွန်း**
**ပြီးတောင် ရှာတတ်တဲ့လူစားမျိုး** [၉]

ဟူ၍သုံးနှုန်းထားရာ ဇာတ်ဆောင်စရိုက်ကိုပါ ပေါ်လွင်လာစေသော ကိုယ်ပိုင်စကားသုံးနှုန်းဟန်ပင် ဖြစ်သည်။

''ဟုတ်ကဲ့ပါအမေ'' ဝတ္ထုတိုတွင်လည်း စာမေးပွဲခန်းအတွင်း ကျက်မှတ်ထားသော စာများ သူ့အလိုလို မှတ်မိလာခြင်းကို ''စာတွေက အလိုလို ခုန်ပေါက်ထွက်'' ဟုလည်းကောင်း၊ ''မျှော်လင့်ခြင်း မနက်ခင်း'' ဝတ္ထုတိုတွင် ချစ်သူရည်းစားမရှိ၊ ယောက်ျားလေးကိစ္စ ကင်းရှင်းပုံကို ''ယင်ဖိုတောင် မသန်းဖူးသေး'' ဟုလည်းကောင်း၊ ကာလံဒေသံ မချင့်ချိန်ပဲ ပြုမူပါက အချိန်မတိုင်ခင် အသက်ဆုံးရှုံး ရနိုင်ကြောင်းကို ''သေပန်းပွင့် နေမယ်'' ဟုလည်းကောင်း အကြောင်းအရာနှင့် လိုက်ဖက်သော ဥပစာ အသုံးများကို တွေ့ရပါသည်။ ယနေ့ မြန်မာစကားအသုံးများတွင်လည်း ဥပစာစကားများကို ဥပစာဟု မထင်ရလောက်အောင်ပင် အသားကျနေလျက် ပေါ့ပေါ့ပါးပါး အသုံးပြုကြကြောင်း တွေ့ရှိရပါသည်။

အခြခံလူတန်းစားကို ကျောရိုးပြုသော ဝတ္ထုတိုများတွင်လည်း '' သမုဒ္ဒရာ ဝမ်းတစ်ထွာ၊ တောက်တီးတောက်တဲ့၊ ''နားပူနားဆာ'' စသော အရပ်သုံးစကားများကို သင့်သလို လိုက်ဖက်စွာ ထည်သွင်း ရေးသားထားကြောင်း တွေ့ရသည်။ ထိုပြင် ''အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား

[၇] ဟမ်စိုင်း(ဆေး–မန်း)၊ ၂၀၁၆၊ ၃၃။

[၈] –ယင်း၊ ၃၃။

[၉] –ယင်း၊ ၂၀၁၇၊ ၄၀။

ကြိုးချင်ငြိ''၊ '' တစ်မိပေါက် တစ်ယောက်ထွန်း'' ''တန်ဆေး လွန်ဘေး'' စသည့် စကားပုံများကိုလည်း ထိထိရောက်ရောက် အံဝင်ခွင်ကျ သုံးတတ်သည်မှာ ဆရာ့၏ ဟန်တစ်ခုပင် ဖြစ်ပါသည်။

ဆရာသည် ဝတ္ထုတိုကို ရေးသားရာတွင် ဝါကျတိုကို အများဆုံး အသုံးပြုတင်ပြထားကြောင်း တွေ့ရသည်။ ထိထိမိမိပေါ်လွင်မြင်သာနိုင်သော စကားပုံများ၊ ဥပမာ၊ ဥပစာများပေးခြင်း၊ ဝါကျတိုတိုဖြင့် လိုရင်းကို ရေးခြင်းသည်ပင်လျှင် ဆရာ့၏ ဟန်တစ်ခု ဖြစ်သည်။

**ဆောင်းပါးရေးဟန်**

ဆောင်ပါးသည် စာရေးသူက စာဖတ်ပရိသတ်ကို သုတ၊ ရသ တစ်ခုခု ပေးလိုသောအခါ စကားပြေအဖွဲ့ ပုံစံဖြင့် အကျိုးအကြောင်း ခိုင်ခိုင်လုံလုံ ရေးသားလေ့ရှိသော စာပေအမျိုးအစား တစ်ခု ဖြစ်ပါသည်။ ဆောင်းပါးနှင့် ပတ်သက်၍ အမျိုးအစား ခွဲခြားရာတွင် နိုင်ငံရေးဆောင်းပါး၊ လူမှုရေး ဆောင်းပါး၊ ယဉ်ကျေးမှုဆောင်းပါး၊ စီးပွားရေးဆောင်းပါး၊ ဘာသာရပ်ဆိုင်ရာဆောင်းပါး၊ သတင်း ဆောင်းပါး၊ နည်းပညာ၊ အတတ်ပညာဆောင်းပါး၊ စာပေဆောင်းပါး၊ စက်မှုသိပ္ပံဆောင်းပါး၊ ဂီတ၊ သဘင်၊ ရုပ်ရှင် အနုပညာဆောင်းပါး ဟူ၍ တွေ့ရသည်။ ဆရာဟမ်စိုင်း၏ ဆောင်ပါး များသည် ကျန်းမာရေးပညာပေး အတတ်ပညာဆောင်းပါးများ ဖြစ်ပါသည်။

ဆရာဟမ်စိုင်း(ဆေး-မန်း)သည် ၂၀၁၆ခုနှစ်တွင် ''ခေတ်သစ်ရောဂါနှင့် ကျန်းမာရေး ဆောင်းပါးများ''စာအုပ်ကိုလည်းကောင်း၊ ''သဘာဝကပေးတဲ့လက်ဆောင် ကျန်းမာရေးဆောင်းပါး များ'' စာအုပ်ကို လည်းကောင်း ရေးသားပြုစု စာအုပ်ထုတ်ဝေထားပြီးဖြစ်သည်။

ခေတ်သစ်ရောဂါနှင့်ကျန်းမာရေး ဆောင်းပါးများစာအုပ်တွင် ဆောင်းပါး စုစုပေါင်း (၃၃) ပုဒ်ပါရှိပြီး ကျန်းမာရေးဆိုင်ရာ ဆောင်ရန် ရှောင်ရန်များကို လမ်းညွှန်ထားသည်။ ထိုသို့ လမ်းညွှန် ရေးသားရာတွင် ကျန်းမာရေးကို အကြံပြုချက်ပေးသောဆောင်းပါး (၁၁)ပုဒ်၊ အသီးအနှံစားသုံးခြင်း အကျိုးကျေးဇူးကို ဖော်ပြသော ဆောင်းပါး(၃)ပုဒ်၊ ရောဂါဖြစ်စဉ်များနှင့်တကွ အကြံပြုလမ်းညွှန် ဆိုင်ရာဆောင်းပါး(၁၉) ပုဒ်ရေးသားထားကြောင်း တွေ့ရပါသည်။ ''သဘာဝကပေးတဲ့ လက်ဆောင် '' ဆောင်းပါးစာအုပ်တွင် ဆောင်းပါးပုဒ်ရေ (၃၂)ပုဒ်ပါရှိသည်။ ဤစာအုပ်တွင် ကျန်းမာရေးကို အကြံပြုချက်ပေးသောဆောင်းပါး (၁၆)ပုဒ်၊ သဘာဝကပေးသော အသီးအနှံစားသုံးခြင်း အကျိုး ကျေးဇူးကို ဖော်ပြသော ဆောင်းပါး(၈)ပုဒ်၊ ရောဂါဖြစ်စဉ်များနှင့်တကွ အကြံပြုလမ်းညွှန်ဆိုင်ရာ ဆောင်းပါး(၈)ပုဒ် ရေးသားထားကြောင်း တွေ့ရပါသည်။ စာအုပ်နှစ်အုပ်လုံးတွင် အပိုင်း (၃)ပိုင်းခွဲ၍ တင်ပြထားဟန်မှာ ဆရာ့၏ စေ့စပ်သေချာ စနစ်ကျသော တင်ပြဟန်တစ်ခု ဖြစ်သည်။

ဆရာဟမ်စိုင်း၏ ကျန်းမာရေး ဆိုင်ရာ ဆောင်းပါးများတွင် ရောဂါ၏လက္ခဏာရပ်များ၊ ရောဂါဖြစ်စဉ်၊ ရောဂါတစ်ခုကို ကုသရာတွင် ဆေးနှင့် ကုသခြင်း၊ အစားအသောက် ထိန်းညှိကုသခြင်း၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများဖြင့် ကုသခြင်း စသည်ဖြင့် အစီစဉ်ကျနစွာ ရေးသားထားသည်။

''ပန်းနာရင်ကျပ်ရောဂါ''နှင့် ပတ်သက်၍

**ပန်းနာရင်ကျပ်ရောဂါကို အမြစ်ပြတ်ကုသလို့ မရပါဘူး၊ ကုသခြင်းရဲ့ အဓိကရည်ရွယ်ချက်က လတ်တလောခံစားနေရတဲ့ ရောဂါဝေဒနာ တွေ သက်သာဖို့၊ ပန်းနာရင်ကျပ်ရောဂါရဲ့ နောက်ဆက်တွဲ**

**ဆိုးကျိုးတွေ မဖြစ်ပေါ်လာစေဖို့နဲ့ ပန်းနာရင်ကျပ်ရောဂါ နောက်ထပ်**
**အလွယ်တကူ ထပ်မဖြစ်ပေါ်လာဖို့ပဲ ဖြစ်ပါတယ်** ၁၀

တိုတိုကျဉ်းကျဉ်းနှင့် အခြေအနေ အရပ်ရပ်ကို မြင်သာအောင် ရှင်းလင်းရေးသား ပြထားပါသည်။ အကြောင်းအရာ ပိုင်နိုင်စွာသိခြင်း၊ အကိုးအကားမှန်ကန်ခြင်းတို့ကြောင့် ခွန်အားရှိသော ကျန်းမာရေး သုတပညာပေး ဆောင်းပါးကောင်း တစ်ပုဒ်အဖြစ် ပေါ်လွင်ထင်ရှားစေပါသည်။

ကျန်းမာရေး ပညာပေးဆောင်းပါးများကို ရေးသားသောအခါတွင် ဆရာသည် အချက်အလက် အစီအစဉ်ကျနစွာ ဝါတိုများဖြင့် ရှင်းရှင်းလင်းလင်း ရေးသားတင်ပြထားသည့်အပြင် ကောင်းကျိုး၊ ဆိုးကျိုးများကို တစ်ဆက်တည်းဖော်ပြခြင်း၊ နိုင်ငံတကာနှင့်ယှဉ်၍ အကိုးအကား ခိုင်ခိုင်မာမာ ဖော်ပြခြင်း တို့ကြောင့် စာဖတ်သူမှာ မိမိကိုယ်ပိုင်အတွေးဖြင့် ဆုံးဖြတ်ချက်ချသဘောပေါက်နားလည် လက်ခံ လာစေသည်။

**ပေးစာရေးဟန်**

ဆရာဟမ်စိုင်း(ဆေး-မန်း)က ''ညီမလေးသို့ ပေးစာများ'' ခေါင်းစဉ်ဖြင့် စာအုပ်တစ်အုပ်ကိုလည်း ၂၀၁၇ ခုနှစ်တွင် ထုတ်ဝေထားပါသည်။ ပေးစာများသည် တစ်စုံတစ်ယောက်ကို အမည်တပ်ထားသော်လည်း အများကို ရည်ညွှန်းလိုသောစာများ ဖြစ်သည်။

ပေးစာနှင့် ပတ်သက်၍ ကမ္ဘာ့စာပေသမိုင်းတွင် ၁၉၂၈ ခုနှစ်က ''ဂျဝါဟာလာနေရူး''မှ သမီးဖြစ်သူ ''အင်ဒီရာဂန္ဒီ''အား ပေးပို့ခဲ့သော ''ချစ်သမီးသို့ ပေးစာများ''များသည် ကမ္ဘာကျော် ပေးစာများဖြစ်ခဲ့သည်။ ထိုပေးစာများထဲတွင် နေရူးက သမီးဖြစ်သူကို သဘာဝလောကအကြောင်း၊ ကမ္ဘာကြီးအကြောင်း၊ လူသားဖြစ်ပေါ်လာပုံ၊ ဘာသာစကား၊ အယူဝါဒ၊ တိုင်းပြည်များ ဖြစ်ပေါ်လာပုံတို့ကို ရေးသား ဖော်ပြထားသည်။ အကောင်းကို တွေ့လျှင် တွေ့သည့်နေရာက အရယူပြီး၊ အဆိုးရှိလျှင်မူ အဆိုးကို ရှိသည့်နေရာက ဖယ်ရှားပစ်သင့်ကြောင်း ဆုံးမထားချက်လေးများ ပါဝင်သည်မှာ မှတ်သားဖွယ်ကောင်း လှသည်။ ဟမ်စိုင်း၏ ညီမလေးသို့ ပေးစာများ စာအုပ်တွင်လည်း ဆုံးမခြင်းသဘော သက်ဝင်သည့် မှတ်သားဖွယ်ကောင်းသည့် အကြောင်းအရာများ ပါဝင်နေကြောင်း တွေ့ရပါသည်။

''ဆုံးမစာနှင့် ပတ်သက်၍ မြန်မာအဘိဓာန် တွင်

**ဆုံးမ၊ ကြိ-၁။ လိမ်မာယဉ်ကျေးအောင် သွန်သင်သည်** ၁၁

-ဟု ဖွင့်ဆိုထားသည်။ လူတို့၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ကို လိမ်မာယဉ်ကျေးအောင် ပုံဆောင် ဆုံးမခြင်း ဖြစ်သည်။ ဆရာကိုယ်တိုင်ကပင်လျှင် ညီမလေးသို့ ပေးစာများ စာအုပ်အမှာစာတွင်

**အလုပ်တာဝန်တွေကြားပိကာ သားသမီးကို ဆုံးမစကား သိပ်မပြော နိုင်တဲ့ မိဘတွေရဲ့ သားသမီးတွေအတွက် ရည်ရွယ်ပါတယ်၊ စကား သိပ်မပြောတဲ့၊ စကားနည်းတဲ့ အကြီးတွေအနေနဲ့ အငယ်တွေကို**

---

[10] ဟမ်စိုင်း(ဆေး-မန်း)၊ ၂၀၁၆၊ ၄၃။

၁၁ မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၁၀၉။

**လက်ဆောင်ပေးနိုင်ဖို့လည်း ရည်ရွယ်ပါတယ်၊ စာသင်ကြားနေတဲ့**
**ဆရာ၊ဆရာမတွေ အတွက်လည်း ရည်ရွယ်ပါတယ်**[၁၂]

ဟုဖော်ပြထားပါသည်။ ဤစာအုပ်တွင် စာစု (၅၄)ပုဒ်ပါရှိပြီး လောကတွင် ကြုံတွေ့နေရသော လောကဓံအနိမ့်အမြင့်၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ စကားအပြောအဆိုနှင့်ဆိုင်သော ဆုံးမစကားများကို တွေ့ရပါသည်။

ဆရာက သူကိုယ်တိုင် ငယ်စဉ်က မင်္ဂလာမောင်မယ်၊ ရွှေသွေး၊ ရတနာပန်းခင်း၊ ဆရာအောင်သင်း၏ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့၊ ဆရာကောင်းသန့်၏ ချစ်တပည့်သို့၊ ဆရာမြသန်းတင့် ဘာသာပြန်သော လူကလေးသို့ ပေးစာများ '' စသောစာအုပ်များနှင့် ကြီးပြင်းခဲ့ရသူဖြစ်ပါသည်။ ထို့ကြောင့် စာဖတ်ပျင်းသော ညီမလေးအား သူ၏ဘဝတွင် ကြုံခဲ့ရသော အကောင်းအဆိုးသင်ခန်းစာများကို အတိုဆုံး စာသားအသွင် ပြောင်းပြီး ရေးခဲ့ကြောင်း ဖော်ပြထားပါသည်။

ဆရာက ''ညီမလေးသို့(၁)''တွင် စာကြောင်းရေ (၄)ကြောင်းဖြင့် တိုတိုတုတ်တုတ် လိုရင်းကိုသာ ရေးသားထားသည်။ ခေါင်းစဉ်ကို ''လူတိုင်းနှင့်တန်သောစေတနာ''ဟု ဖော်ပြထားပြီး ''စေတနာ သည် လူတိုင်းနှင့်တန်ကြောင်း၊ မျှော်လင့်ခြင်းကင်းသော စေတနာမျိုးထားသင့်ကြောင်း'' လမ်းညွှန် ဆုံးမထားသည်။

ဆရာက ညီမလေးသို့ ပေးစာများတွင် အများဆုံးမှာ စိတ်ထားတတ်စေရန် လမ်းညွှန်ထားခြင်းဖြစ်သည်။ ''ညီမလေး'' ဟု အစချီ ရေးသားဖော်ပြလေ့ရှိပြီး၊ ဝါကျအဆုံးတွင် လိုက်နာစေလိုသော သဘောကို ရည်ညွှန်းလျှင် ''ပါ'' ဟု အဆုံးသတ်ထားကြောင်းတွေ့ရသည်။ ထို့ပြင် လမ်းညွှန်ဆုံးမခြင်းဖြစ်သည့်အတွက် ''စေ'' ဟူသော ဆန္ဒညွှန် ဝိဘတ်ကို အများဆုံး အသုံးပြုကာ

**ညီမလေးရဲ့ ဘဝမှာ ရိုးသားသူသာ ဖြစ်ပါစေ၊**
**ဘယ်တော့မှ ရိုးအသူ မဖြစ်ပါစေနဲ့** [၁၃]

စသည်ဖြင့် တိုက်တွန်းလိုသော ဆန္ဒကို ပေါ်လွင်စေသော စကားအသုံးဟန်ကို တွေ့ရပါသည်။

ပေးစာများသည် ဆုံးမစာတစ်မျိုးပင်ဖြစ်ကြောင်း တွေ့ရသည်။ ပေးစာများမှ လောကအကြောင်းကို သင်ယူနိုင်သည်။ အတွေးအခေါ်များ တိုးတက်လာစေနိုင်သည်။ လောကအမြင် ကျယ်ပြန့်လာစေနိုင်သည်။ စိတ်ဓာတ်ကို ပြုပြင်ပေးပြီး နှလုံးသားကို သန့်မာလာစေနိုင်ကြောင်း တွေ့ရပါသည်။ ဆုံးမစကားဟူသည် ရှည်ရှည်ဝေးဝေး ပြောနေပါက လိုရင်းမရောက် နားထောင်သူကလည်း အလေးမထားနိုင်ဘဲ ဖြစ်တတ်သော သဘောကိုသိသည့် အားလျော်စွာ အကြောင်းအရာနှင့် လိုက်ဖက်သော စကားသုံးနှင့် ဝါကျတိုရေးဟန်ကို တွေ့ရသည်။

## (၄)စိတ်အဟာရဖြည့် ရသစာစုများရေးဟန်

ဆရာက လောကတွင် လူအများစုသည် လောကဓံအဆိုးကို ကြုံရသည့်အခါ ကူညီမည့်သူ ဖေးမမည့်သူ အနည်းဆုံးနှုတ်၏ဆောင်မခြင်းဖြင့် စောင့်ရှောက်ပေးမည့်သူကို လိုလားတမ်းတတတ်ကြသည်။ ''သို့အမေနှင့် ရသစာစုများ စာအုပ်''နှင့် ''ယုံကြည်ခြင်းတွေပေးပါနှင့် စိတ်အဟာရဖြည့် စာစုများ'' စာအုပ်နှစ်အုပ်သည် စိတ်ခွန်အားရယူလိုသူတို့အား ခွန်အားဖြည့်ပေးထားသော စာအုပ်များဖြစ်သည်။

---

[၁၂] ဟမ်စိုင်း(ဆေး-မန်း)၊ ၂၀၁၇၊ ၉။

[၁၃] - ယင်း၊ ၁၃။

''ယုံကြည်ခြင်းတွေပေးပါနှင့် အဟာရဖြည့်စာစုများ''စာအုပ်တွင် ရသစာစုပေါင်း(၃၃)ပုဒ်ပါရှိပြီး ''သို့အမေနှင့် ရသစာစုများ''စာအုပ်တွင် ရသစာစုပေါင်း(၃၀)ပါရှိသည်။ ဤစာစုများကို ရေးသားရာတွင်လည်း ဆရာသည် တိုတိုနှင့်လိုရင်းကိုသာ ရေးသားထားကြောင်း တွေ့ရပါသည်။ လောကတွင် ကြုံတွေ့ရတတ်သော လောကသဘာဝ၊လူ့သဘာဝများ၊ မိဘမေတ္တာ ကြည်နူးမှုများကိုသာမက မိမိစိတ်တွင် ဖြစ်တတ်သော လောဘ၊ ဒေါသတို့ကို စိတ်ဖြေတတ်စေရန် အညွှန်းရေးသားထားသည်။

''ယုံကြည်ခြင်းတွေပေးပါ'' ရသစာစုတွင် ဆံပင်ညှပ်ဆိုင်တွင် ပညာသင်ကလေးငယ်တစ်ဦး ပထမဆုံးအကြိမ် ဆံပင်ညှပ်ခွင့်ရပုံ အတွေ့အကြုံကို ဖော်ပြထားသည်။ ဆံပင်ညှပ်ဆရာအကြီးတစ်ယောက်က **''သေချာညှပ်နော်၊ ဦးလေးသည်မကြိုက်ရင် မင်းနောက်နေ့ မညှပ်ရဘူး''**[၁၄] ဟူသော စကားကြောင့် စိုးရိမ်စိတ်ဖြစ်ရပုံ၊ ပထမဆုံးအတွေ့အကြုံဖြစ်သည့်အတွက် ဆံပင်ညှပ်ရာမှာ ရုပ်ပျက်ဆင်းပျက် မဟုတ်သော်လည်း မညီမညာဖြစ်သွားပုံ၊ ဧည့်သည်က **''ညီလေး ကျေးဇူးပဲ ဆံပင်ညှပ်တာ ပုံစံလေးကောင်းတယ်''**[၁၅] ဟု ချီးကျူးလိုက်သောအခါ ယုံကြည်ချက်များရှိလာရပုံကို ဖော်ပြထားသည်။ နောက်တစ်နှစ်ခန့်ကြာသောအခါမှ ထိုဧည့်သည်နှင့် ပြန်တွေ့ခဲ့ပြီး ဆံပင်မညီမှန်းသိပါလျက် ဘာ့ကြောင့် ပြဿနာမရှာရသလဲဟု မေးမြန်းသောအခါ ဧည့်သည်က **''ငါအဲဒီနေ့က မင်းကို ယုံကြည်မှုတွေ ပေးလိုက်တာပါ''**[၁၆] ဟု ပြောခဲ့သည်။ ပထမဆုံးအကြိမ် စတင်ရန် သတ္တိမွေးနေသော လူငယ်တစ်ဦးကို စိတ်ဒဏ်ရာမရစေရန်လိုအပ်ကြောင်း၊ လူတိုင်းအမှားနှင့်မကင်းကြောင်း မကြာခဏ မမှားရန်သာ လိုကြောင်း၊ အသိပေးထားသော ရသစာစုတစ်ပုဒ် ဖြစ်သည်။

ဆရာက ရသစာစုများတွင် အတွေးပေးခြင်းများပါဝင်သည်။ မိမိကိုယ်တိုင်တွေး မိမိကိုယ်တိုင်ဆင်ခြင် လောကနေနည်းများကို လမ်းညွှန်ထားခြင်းပင် ဖြစ်သည်။ ရသစာစုများကို ရေးသားရာတွင်လည်း ဆရာက ဝါကျတိုများကိုသာ အများဆုံးအသုံးပြုထားပြီး လူ့သဘာဝများကို ရယ်ပြုံးဖွယ်ဟာသစွက်၍ ရေးသားထားပါသည်။

### (၅) လူငယ်တစ်ဦး၏ ခံစားမှုစာစုများရေးဟန်

ဆရာဟမ်စိုင်း(ဆေး-မန်း)သည် လူငယ်ဆရာဝန်တစ်ဦး ဖြစ်သည့် အားလျော်စွာ လူငယ်တစ်ဦး၏ ခံစားမှု စာစုများကိုလည်း fb acc တွင် ရေးသားလေ့ရှိသည်။ ''လမ်းခွဲ''ဟူသော ခေါင်းစဉ်ဖြင့် နံပါတ်စဉ် တပ်လျက် ခံစားမှု အပိုင်းအစလေးများကို မှတ်တမ်းတင်ခဲ့သည်။ ထို့နောက်တွင် ပရိသတ်များ၏ တောင်းဆိုချက်အရ လမ်းခွဲ ခေါင်းစဉ်အမည်ရှိ ခံစားမှုအပိုင်းအစများကို စာအုပ် ၁၂၀၀မျှသာ ထုတ်ဝေခဲ့သည်။ စာအုပ် ရောင်းချပြီးရသည့်ငွေကို ပရဟိတအတွက် အသုံးပြုခဲ့သည်။ အခြားစာအုပ်များကို အကြိမ်ကြိမ် ထုတ်ဝေခဲ့သော်လည်း လမ်းခွဲစာအုပ်ကို နောက်တစ်ကြိမ် ထုတ်ဝေခြင်း မပြုပါဟု ဖွင့်ဟထားပါသည်။

ဆရာဟမ်စိုင်း(ဆေး-မန်း)သည် ခံစားမှုစာစုများတွင် အပြိုင်အဖွဲ့ဟန်ကို အများဆုံးအသုံးပြု ရေးသားထားကြောင်းတွေ့ရပါသည်။ ထို့ကြောင့် အသံသာခြင်း၊ ရွတ်ဆိုရလွယ်ကူခြင်းတို့အပြင် အထပ်ထပ် ပြောဟန်ကြောင့် အဓိပ္ပာယ်ထင်ရှားလေးနက်လာစေခြင်းတို့ကို ထင်ရှားစေသည့် အားသာချက်ကို တွေ့ရသည်။

---

[၁၄] ဟမ်စိုင်း(ဆေး-မန်း)၊ ၂၀၁၈၊ ၇၁။

[၁၅] -ယင်း၊ ၇၂။

[၁၆] -ယင်း၊ ၇၃။

## ခြုံငုံသုံးသပ်ချက်

ဆရာဟမ်စိုင်း၏ စကားပြေရေးဟန်ကို လေ့လာသောအခါတွင် ဆရာ့၏ ထုတ်ဝေပြီးသော စာအုပ်(၉) အုပ်ကို အလေ့လာခံအဖြစ်ထားကာ လေ့လာတင်ပြထားပါသည်။ ဆရာသည် ဝတ္ထုကိုပင် တစ်မျက်နှာဝတ္ထုတို၊ ဝတ္ထုတို၊ ဝတ္ထုရှည်ဟူ၍ ဟန်သုံးမျိုးဖြင့် တင်ပြသူဖြစ်သည်။ ဆရာသည် ဝတ္ထုများကို ရေးသားရာတွင် မြုပ်ကွက်များ၊ လှည့်ကွက်များဖြင့် ဇာတ်လမ်းကို စာဖတ်ပရိသတ် စိတ်ဝင်စားစေရန် ဖန်တီးတင်ပြနိုင်ကြောင်း တွေ့ရပါသည်။

ဆောင်းပါးရေးသားရာတွင် အတတ်ပညာနှင့်ဆိုင်သောဆောင်းပါးများဖြစ်၍ အချက်အလက် စီစဉ်တင်ပြပုံစနစ်ကျခြင်း၊ အထောက်အထားအကိုးအကားခိုင်လုံခြင်း ရှင်းရှင်းလင်းလင်း တင်ပြတတ်သော ရေးဟန်ကို တွေ့ရပါသည်။

ပေးစာ ရေးရာတွင်လည်း ဆရာသည် ဆုံးမစာဖြစ်သည့်အလျောက် လိုရင်းကိုသာ ရေးသားထားကြောင်းတွေ့ရသည်။ ဆုံးမစကားဆိုရာတွင် အကြောင်းအရာ ရှည်ရှည်ဝေးဝေး ပြောနေပါက နားထောင်သူမှာ နားလျှံသွားတတ်သည်မှာ သဘာဝဖြစ်သည်။ ဆရာသည် ထိုသဘောကို သိမြင်လျက် လိုရင်းကို တိုတိုတုတ်တုတ် ရေးသားထားဟန်ရှိပါသည်။

ရသစာစုတွင်လည်း အမှန်တကယ် ရသတစ်ခုခု ကျန်ရစ်စေသည်အထိ ဘဝအသိအမြင် ပေးနိုင်သော စာစုများ ဖြစ်ကြောင်း တွေ့ရပါသည်။ ခံစားမှုစာစုတွင်မူ ဆရာ့၏ လူငယ်စရိုက်ကို ပေါ်လွင်နေသော ခံစားမှု အပိုင်းအစများဟု ဆိုနိုင်ပါသည်။

ဆရာသည် ပြောလိုသောရည်ရွယ်ချက်ကို ဖော်ဆောင်နိုင်ရန် စာပေအမျိုးအစားခွဲရာတွင် လည်း အကြောင်းအရာနှင့် ပုံသဏ္ဌာန်လိုက်ဖက်မှုရှိကြောင်း တွေ့ရပါသည်။ ထို့အတူ စကားအသုံးအနှုန်းပိုင်းတွင်လည်း ထိမိပေါ်လွင်သော စကားပုံများ၊ ဥပမာဥပစာအသုံးများ၊ အရပ်သုံး စကားများကို ပိုင်နိုင်စွာ သုံးနိုင်သူတစ်ဦးဖြစ်ကြောင်း တွေ့ရပါသည်။

ဆရာသည် တင်ပြပုံအကြောင်းအရာကိုလိုက်၍ ဝါကျပိုင်းတွင်လည်း အချိတ်အဆက် မိမိ ယူနိုင်ကြောင်း တွေ့ရပါသည်။ ဆေးပညာပေးဆောင်းပါးများတွင် ဝါကျရှည်များကို အကြောင်းအရာ အဆက်အစပ် မပြတ်စေရန် အသုံးပြုထားသော်လည်း အသုံးနည်းကြောင်း တွေ့ရပါသည်။ ဝါကျတိုဖြင့်သာ စာပေအမျိုးအစားတိုင်းကို ရှင်းရှင်းလင်းလင်း ရေးသားထားခြင်းသည်ပင်လျှင် ဆရာ့၏ ဟန်တစ်ခုဖြစ်ကြောင်း တွေ့ရပါသည်။

ဆရာသည် လောကအသိအမြင်များကို တင်ပြရာတွင် ဟာသအမြင်ဖြင့် စိတ်ဖြေတတ်စေရန် ဘဝနေနည်းများကို စိတ်ရင်ကျက်မှုရှိမှ ဘဝအနေမြင့်မည်ဖြစ်ကြောင်း အသိပေးထားသည်။ ဆရာ၏ မည်သည့်စာကိုမဆို ဖတ်ပြီးတိုင်း အတွေးတစ်ခု အသိတစ်ခု ရခြင်းကပင် ဆရာ၏ ပရိသတ် အပေါ်ထားရှိသော စေတနာကို သတိပြုမိစေသည့် ဟန်တစ်ခုပင် ဖြစ်ပါသည်။

## နိဂုံး

ဆရာဟမ်စိုင်း(ဆေး–မန်း)၏ စကားပြေရေးဟန်ကို လေ့လာရာတွင် ဆရာ့၏ ထွက်ရှိပြီး စာအုပ်များကို အခြေခံလေ့လာမှုအပြင် ဆရာ့ထံ ဖုန်းဖြင့် ဆက်သွယ်၍လည်းကောင်း၊ စာဖြင့်လည်းကောင်း ဆက်သွယ် မေးမြန်းချက်များကိုပါ ထည့်သွင်း တင်ပြထားပါသည်။ ဤစာတမ်းသည် စာပေလေ့လာမှုတွင် အထောက်အကူဖြစ်စေရန် လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်။ မောင်(ဓနုဖြူ) ။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း*** ၊ ရန်ကုန်မြို့၊ စိတ်ကူးချိုချိုစာပေ။

ခင်မင်။ မောင်(ဓနုဖြူ) ။ (၂၀၁၄)။ ***ဥပစာကမ္ဘာကြီးထဲမှာ*** ၊ရန်ကုန်မြို့၊ ဇွန်ပွင့်ပုံနှိပ်တိုက်။

ခင်မျိုးချစ်နှင့်အများ။ (၁၉၇၃)။ ***ဟာသစာပေ*** ၊ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်။

စိုးရွှေစင်။ (၂၀၁၅)။ ***ဝတ္ထုတိုသဘောတရား ဝတ္ထုတိုအတတ်ပညာ***၊ ရန်ကုန်မြို့၊စစ္စယ်တော်ပုံနှိပ်တိုက်။

တာရာ။ ဒဂုန်။ (၁၉၆၇)။ ***စာပေသဘောတရား၊စာပေဝေဖန်ရေး၊စာပေလှုပ်ရှားမှု*** ၊ရန်ကုန်မြို့၊ ။ နံ့သာတိုက်။

ပါရဂူ။ (၂၀၁၈)။ ***ချစ်သမီးထံသို့*** ၊ရန်ကုန်မြို့၊ လောကသစ်စာပေ။

မိုးမြေ။ မ။ (၂၀၁၉)။ ***ဝတ္ထုတိုသဘောတရား ဝတ္ထုတိုဖန်တီးရေးသားမှုအတတ်ပညာ***ရန်ကုန်မြို့၊ ကံ့ကော်ဝတ်ရည်စာပေ။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်။*** ရန်ကုန်မြို့၊ နေလင်းပုံနှိပ်တိုက်။

ဟမ်စိုင်း(ဆေး–မန်း)။ (၂၀၁၆)။ ***တတိယလူနှင့် မဂ္ဂဇင်းဝတ္ထုတိုများ*** ၊ရန်ကုန်မြို့၊ ဆုရောင်စဉ် စာအုပ်တိုက်။

ဟမ်စိုင်း(ဆေး–မန်း)။ (၂၀၁၆)။ ***ခေတ်သစ်ရောဂါနှင့် ကျန်းမာရေးဆောင်းပါးများ***၊ရန်ကုန်မြို့၊ ဆုရောင်စဉ် စာအုပ်တိုက်။

ဟမ်စိုင်း(ဆေး–မန်း)။ (၂၀၁၇)။ ***ညီမလေးသို့ ပေးစာများ*** ၊ရန်ကုန်မြို့၊ ဆုရောင်စဉ်စာအုပ်တိုက်။

ဟမ်စိုင်း(ဆေး–မန်း)။ (၂၀၁၇)။ ***ဆရာဝန်တစ်ဦး၏ ရယ်စရာလွဲလွဲလေးများ***၊ ရန်ကုန်မြို့၊ ဆုရောင်စဉ်စာအုပ်တိုက်။

ဟမ်စိုင်း(ဆေး–မန်း)။ (၂၀၁၈)။ ***သဘာဝကပေးတဲ့လက်ဆောင် ကျန်းမာရေးဆောင်းပါးများ***၊ ရန်ကုန်မြို့၊ ဆုရောင်စဉ်စာအုပ်တိုက်။

ဟမ်စိုင်း(ဆေး–မန်း)။ (၂၀၁၈)။ ***ယုံကြည်ခြင်းတွေပေးပါနှင့် စိတ်အဟာရဖြည့်စာစုများ***၊ရန်ကုန်မြို့၊ ဆုရောင်စဉ် စာအုပ်တိုက်။

ဟမ်စိုင်း(ဆေး–မန်း)။ (၂၀၁၉)။ ***မနှမ်းတဲ့လရောင်နှင့် မဂ္ဂဇင်းဝတ္ထုတိုများ***၊ ရန်ကုန်မြို့၊ ဆုရောင်စဉ်စာအုပ်တိုက်။'

ဟမ်စိုင်း(ဆေး–မန်း)။ (၂၀၁၉)။ ***လမ်းခွဲ*** ၊ရန်ကုန်မြို့၊ ။ ဆုရောင်စဉ်စာအုပ်တိုက်။

ဟမ်စိုင်း(ဆေး–မန်း)။ (၂၀၁၆)။ ***သို့ အမေနှင့် ရသစာစုများ*** ၊ရန်ကုန်မြို့၊ ။ ဆုရောင်စဉ်စာအုပ်တိုက်။

ရွှေအမြုတေမဂ္ဂဇင်း ၂၀၁၉ သြဂုတ်လမှ ၂၀၂၀ ဖေဖော်ဝါရီလအထိ ''တိမ်ပန်းချီ''အခန်းဆက် ဝတ္ထုရှည်

OXFORD Advanced Learner's Dictionary (2000)

Wales, Katie, (2001) A Dictionary of Stylistics, Second Edition, Longman